**Pentecost Sunday May 28 2023 Homily in Burmese**

**Act 2:1-11, Jn 20: 19-23**

ပထမကျမ်းမှာ ဘယ်လိုဘယ်ပုံ တပည့်တော်ကြီးတွေ သန့်ရှင်းသောဝိညာဉ်တော်ကို ခံယူရရှိပြီးတော့

ဘာဖြစ်လို့ သန့်ရှင်းသောဝိညာဉ်တော်ဘုရားပွဲနေ့ကို ကျင်းပရတာလဲ။ တကယ်ဘဲ ဒီနေ့မှာ သန့်ရှင်းသောဝိညာဉ်တော်ဘုရား ဆင်းကြွလာပါသလား။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တဲ့အခါ ဘယ်လိုသော ခရစ်ယာန်တွေက သန့်ရှင်းသောဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝတယ်လို့ ပြောလို့ရပါသလဲ။

သန့်ရှင်းသောဝိညာဉ်တော်ဘုရားပွဲနေ့ဖြစ်တဲ့ သခင်ဘုရားရဲ့ ရှင်ပြန်ထမြောက်ခြင်းပြီးနောက် ရက်ပေါင်း ၅၀ ပြည့်သောနေ့မှာ တဦးဦးက အံ့သြပြီးမေးလိမ့်မယ်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား ဟာ ဒီနေ့ဒီရက်မှာဘဲ ဆင်းကြွလာပါသလား။

သန့်ရှင်းသောဝိညာဉ်တော်ဘုရား ပွဲနေ့မတိုင်ခင်ကတည်းက သန့်ရှင်းသောဝိညာဉ်တော်ဘုရားဆိုတာရှိတယ်. ရေပေါ်မှာလှုပ်ရှားလျက်ရှိ၏. (ကမ္ဘာဦးကျမ်း ၁း၂ ). ဓမ္မသစ်ကျမ်းမှာ ကျတော့ ဝိညာဉ်တော်နဲ့ပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေကို တွေ့ရပါတယ်။ ဧလိဇဘက်၊ ဇာခရိ၊ ယောဟန်ဘတ်တိဇံ၊ မယ်တော်မာရီးယား၊ ခရစ်တော်၊ ဒီပုဂ္ဂိုလ်များ သန့်ရှင်းသောဝိညာဉ်တော်ဘုရားနဲ့ပြည့်ဝတာကို တွေ့ရပါတယ်။

သခင်ယေရှုဆေးကြောခြင်းခံတဲ့အခါ သန့်ရှင်းသောဝိညာဉ်တော်ဘုရား ကိုယ်တော်အပေါ်ကို ဂျိုးငှက်အဆင်းသဏ္ဍာန်အောက်မှာ ဆင်းကြွလာတာကို ကျမ်းစာမှာ ရေးမှတ်ထားပါတယ်။

တကယ်တော့ ဒီနေ့ကျမ်းစာမှာ ရှင်းရှင်းလင်းလင်းရေးထားတယ်။ ရက်သတ္တပတ်ရဲ့ ပထမဦးဆုံးသောနေ့ရက် ရှင်ပြန်ထမြောက်ပြီးနောက် သူ့ရဲ့တပည့်တော်တွေဆီထင်ရှားပြတဲ့အခါ သူတို့အပေါ် ကိုမှုတ်တော်မူပြီး ဝိညာဉ်တော်ကို ခံယူလော့ ဆိုပြီးမိန့်တော်မူခဲ့ပါတယ်။

တခါ ပထမကျမ်းဖြစ်တဲ့ တမန်တော်ဝတ္ထုကျမ်းနဲ့ ဧဝံဂေလိကျမ်းတို့က မတူညီတဲ့အခါသမယတွေနဲ့ ဝိညာဉ်တော်ဟာ တမန်တော်ကြီးများအပေါ် ဆင်းကြွလာတာကို ဖော်ပြပါတယ်။

ဒါပေမဲ့ ပထမကျမ်းမှာတွေ့ရတဲ့ ဝိညာဉ်တော်ဆင်းကြွလာတော်မူခြင်းအကြောင်းနဲ့ ဧဝံဂေလိကျမ်းထဲက အကြောင်းအရာတွေဟာ တခုနဲ့တခု မဆန့်ကျင်ကြဘဲနဲ့ ပို့ပြီးနားလည်ရအောင် ဖြစ်ပါတယ်။ သံလူကားရေးထားတဲ့ တမန်တော်ဝ တ္ထုကျမ်းက သန့်ရှင်းသောဝိညာဉ်တော်ဘုရားပွဲနေ့ကို အကြောင်းရင်း ၂ ခုကြောင့် ဂုဏ်ပြုပါတယ်။ (၁) ဆီနာအီတောင်ပေါ်ကနေ ပေးခဲ့တဲ့ ပညတ်တော်ကို သတိရစေခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ပင်တေကုတ္တေပွဲနေ့ဟာ တနှစ်တာကာလအတွင်း ဂျူးလူမျိုးတို့ရဲ့ အရေးကြီးဆုံးပွဲတော် ၃ ခုထဲကတခုဖြစ်ပါတယ်။ ဂျူးလူမျိုးတို့ရဲ့ ထုံးတမ်းအရ ပင်တေကုတ္တေပွဲနေ့မှာ အကြောင်းအရာနှစ်ကို့ကျင်းပခြင်းဖြစ်ပါတယ်။ (၁) လယ်ယာကနေရရှိတဲ့သီးနှံများအတွက် ကျေးဇူးတင်ခြင်းပွဲတော် (၂) မိုးဇယ်ကိုဘုရားက သီနာတောင်ပေါ်မှာ ပညတ်တော်များကို ပေးအပ်ခဲ့တာကို ပြန်လည်သတိရအောက်မေ့ ကျင်းပခြင်း ဖြစ်ပါတယ်။

ပထမကျမ်းမှာ ထူးခြားတဲ့ပုံပန်းသဏ္ဍာန်နဲ့အမှတ်လက္ခဏာတွေဖြစ်တဲ့ လေပြင်းတိုက်ခတ်ခြင်း၊ မီး လျှာသဏ္ဍာန် ပေါ်လာခြင်း –ဒါတွေဟာ

သိနာတောင်ပေါ်က ဖြစ်ခဲ့တဲ့အရာများနဲ့အလားသဏ္ဍာန်တူတဲ့သဘောမျိုး။(ထွက်မြောက်ရာကျမ်း ၁၉း၁၈၊၁၉) မှာတွေ့ရပါတယ်။

ဒီနေ့မှာ အကြောင်းအရာ ၃ ခုနဲ့ ကျွန်ုပ်တို့ဟာ သန့်ရှင်းသောဝိညာဉ်တော်ဘုရား ပွဲနေ့ကို ကျင်းပကြပါတယ်။

(၁) သန့်ရှင်းသောဝိညာဉ်တော် (တရားဝင်) (ထင်ထင်ရှားရှား ဆင်းကြွလာခြင်း၊ ( ဘာလို့တရားဝင်လို့ ပြောရသလဲဆိုရင် သန့်ရှင်းသောဝိညာဉ်တော်ဘုရား ဟာ ဒီနေ့ဒီရက်မတိုင်ခင်ကတည်းက ဆင်းကြွလာခဲ့ခြင်းဖြစ်လို့--)*

(၂) ဒီနေ့ဟာ သာသနာတော်ကြီး မွေးဖွားလာခဲ့တဲ့နေ့ရက်- သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို မခံယူမှီ တမန်တော်ကြီးတွေဟာ အခန်းထဲမှာဘဲ သေးငယ်သောအသင်းအဖွဲ့လေးတခုအဖြစ် ရှိနေခဲ့ပါတယ်။

(၃) သန့်ရှင်းသောဝိညာဉ်တော်ဘုရားပွဲနေ့ဟာ ပါစကားရာသီကုန်ဆုံးသွားတဲ့နေ့ရက်၊ ပါစကားရာသီရဲ့နောက်ဆုံးသော တနင်္ဂနွေနေ့ဖြစ်ပါတယ်။

ဒီကနေ့မှာ ဘယ်သူတွေဟာ သန့်ရှင်းသောဝိညာဉ်တော်ဘုရားနဲ့ပြည့်ဝတယ်လို့ ပြောရမှာလဲ။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားနဲ့ပြည့်ဝတဲ့ ယုံကြည်သူ ဘုရားသားသမီးတယောက်မှာ ကြန်အင်လက္ခဏာ ၃ မျိုးကို တွေ့ရပါတယ်။

မှန်သောသက်သေခံခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားရဲ့ ကျေးဇူးတော်နဲ့အသီးအပွင့်များကို အသုံးပြုခြင်း -နောက်ဆုံးတခုက တခုတည်းသော တူညီသော ဘာသာစကားကိုပြောဆိုခြင်း-

မှန်သောသက်သေကို ခံခြင်း= ရက်သတ္တပတ်ရဲ့ ပထမဦးဆုံးသောနေ့ရက်မှာ တမန်တော်ကြီးများ မိမိတို့အိမ်ခန်းထဲမှာ ပုန်းနေပြီး ဂျူးလူမျိုးတွေကို ကြောက်လို့ အခန်းကိုသော့ခတ်ထားကြတယ်။ အိမ်ထဲမှာနေနေတုံး ရှင်ပြန်ထမြောက်တော်မူပြီးသော ခရစ်တော်ဟာ ပေါ်လာပြီး သူတို့ကိုငြိမ်းချမ်းသာယာခြင်းဆုကျေးဇူးကို ရရှိစေခဲ့ပါတယ်။ ပြီးတော့ သန့်ရှင်းသောဝိညာဉ်တော်ကို သူတို့မှာချန်ထားခဲ့ပါတယ်။ နောက်တော့ သန့်ရှင်းသောဝိညာဉ်တော်ဘုရားက တမန်တော်ကြီးများအား လူမျိုးတကာတို့ကို ဝမ်းမြောက်ဘွယ်ဧဝံဂေလိသတင်းစကားကို ဟောကြားပြောကြားဘို့အတွက် ရဲစွမ်းသတ္တိနဲ့ ဉာဏ်ပညာကိုရရှိစေခဲ့တယ်။

သန့်ရှင်းသောဝိညာဉ်တော်ဘုရားရဲ့ကျေးဇူးတော်များအားဖြင့် ဒီကနေ့မှာ ခရစ်ယာန်တွေဟာ မစ္ဆားတရားကိုနာယူဘို့အတွက် ဝေလံတဲ့ခရီးကိုပြုကြတယ်။ လူတဦးတယောက် (သို့) မိသားစုတခုခုအတွက် အနစ်နာခံဆက်ကပ်ခြင်းကိုပြုလုပ်တယ်။ ဒါမှာမဟုတ် ရဟန်းတပါးက သူ့ရဲ့ဘာသာသူတွေအတွက် အားသွန်ခွန်စိုက်အလုပ်လုပ်တယ်။ ဒါဟာ ဘာကိုပြည့်သလဲဆိုရင် ဝိညာဉ်တော်ဘုရားဟာ ယုံကြည်သူများကို ကောင်းမွန်စွာသက်သေခံနိုင်ဘို့အတွက် သူတို့လုပ်ဆောင်တဲ့အရာတိုင်းမှာ ခွန်အားသတ္တိကိုပေးခြင်းဖြစ်ပါတယ်။

တဦးတယောက်ဟာ ဆေးကြောခြင်းမင်္ဂလာနဲ့ ခရစ်မားအားပေးခြင်းမင်္ဂလာအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားရဲ့ကျေးဇူးတော်နဲ့အသီးအပွင့်များကို အတူတကွ ရရှိကြပါတယ်။

ဘယ်လိုသော အသီးအပွင့် ဘယ်လိုသော ဝိညာဉ်တော်ရဲ့ကျေးဇူးတော်ကို ကောင်းမွန်စွာ ကျွန်ုပ်တို့အသုံးပြုနေကြပါသလဲ။

နောက်ဆုံးတချက်က ဝိညာဉ်တော်နဲ့ပြည့်ဝတဲ့ ဘာသာသူတယောက်ဟာ
တခုတည်းသော ဘာသားစကားကို ပြောပါတယ်။ ဘာကိုဆိုလိုပါသလဲ။

သန့်ရှင်းသောဝိညာဉ်တော်ဘုရား ဆင်းကြွလာတဲ့နေရက်မှာ
တမန်တော်ကြီးများဟာ ဝိညာဉ်တော်နဲ့ပြည့်ဝကြလို့ အမျိုးမျိုးသော
ဘာသာစကားများကို ပြောနိုင်ခဲ့ကြပါတယ်။ ဒါနဲ့ ဂျေရုဆလင်မြို့ကို
ရောက်လာခဲ့ကြတဲ့ ဘုရားကိုယုံကြည်ကိုးစားသော
လူများကနားလည်ကြတယ်။ ဓမ္မဟောင်းမှာတုံးက
ဘေဘယ်မျှော်စင်ကြီးနဲ့နှိုင်းယှဉ်ကြည့်ရအောင်။ အဲဒီတုံးက
ဘာသာစကားအမျိုးမျိုးကွဲပြားပြီး ရှုပ်ထွေးခြင်းဖြစ်ပေါ်ပြီး
တဦးနဲ့တဦးဆက်သွယ် ကြဘို့အခက်အခဲ ကြီးကြီးမားမားဖြစ်ခဲ့ပါတယ်။

သန့်ရှင်းသောဝိညာဉ်တော်ဘုရားပွဲနေ့မှာတော့
တပါးသောလူမျိုးတို့ရဲ့ဘာသာစကားကို ပြောဆိုပေမဲ့
လူတွေနားလည်ရာကနေစပြီး စည်းလုံးညီညွတ်ခြင်း၊ ချစ်ခြင်းမေတ္တာ၊
အတူတကွပေါင်းစည်ခြင်း အပြစ်အခွင့်လွတ်ခြင်း
ဒါတွေကိုတိုးပွားစေခဲ့ပါတယ်။

လူတဦးဟာ ဝိညာဉ်တော်အားဖြင့် ပြုပြင်ပြောင်းလဲခြင်းခံရပြီးဆိုရင်၊
ဝိညာဉ်တော်နဲ့ပြည့်ဝပြီးဆိုရင် လူတိုင်းနားလည်တဲ့ ဘာသာစကားတခုကို
သူပြောတော့မှာဖြစ်ပါတယ်။ အဲဒီဘာသာစကားကတော့
ချစ်ခြင်းမေတ္တာဘဲဖြစ်ပါတယ်။

အပြစ်အခွင့်လွတ်ခြင်းဘာသာစကား၊ ပြန်လည်သင့်မြတ်ခြင်းဘာသာစကား၊
တဦးကိုတဦးရိုသေလေးစားခြင်းဘာသာစကား၊
တဦးကိုတဦးကြည့်ရှုစောင့်ရှောက်ခြင်း၊ အသင်းတော်တခုလုံးအနေနဲ့
စည်းလုံးခြင်းဘာသာစကား– ဒါကိုပြောဆိုကြမှာ ဖြစ်ပါတယ်။